တံခွန်တိုင်ကျေးရွာ

ကန်ကြီးထောင့်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၂၂)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

တံခွန်တိုင်ကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ မေလ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

တံခွန်တိုင်ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉**

**(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉**

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁**

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈**

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၁**

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၂**

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၄**

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၈
**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ** ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း** ၃၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ** ၃၄
**(၁) လူမှုစီးပွားရေး အခြေအနေ**
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာနေအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
**(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ
**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၇၂

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
**နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ၇၄**
**ကိုးကားစာရင်း ၇၇**

## အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၁-၂၀၂၂ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ၎င်းနှင့်သက်ဆိုင်

သော အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များလည်းပါဝင်ပါသည်။

မေလ၊ ၂၀၁၈ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

တံခွန်တိုင်ကျေးရွာ

ကန်ကြီးထောင့်မြို့နယ်

## တံခွန်တိုင်ကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ်



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

### အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများ ရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်း အနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ် ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ကန်ကြီးထောင့်မြို့နယ် ဘဲဂရက်-ဒီးဒုတ်လမ်းမကြီး၏ အနီး (၇) ဖာလုံ အကွာ အဝေးခန့်တွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်း ကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ မှာ (၉၂) လက်မတွင်ရှိသဖြင့် ငဝန်မြစ်မကြီး၏ ချောင်းလက်တက်ဖြစ်သော ကွမ်းခြံရိုးချောင်းမှ ရရှိ သော ရေဖြင့် နွေစပါးစိုက်ပျိုးရာတွင် အထောက်အကူပြုပါသည်။ ကွမ်းခြံရိုးချောင်းမှ ကိုယ်ထူကိုယ်ထ မြောင်းလက်တက် ပေ (၃၀၀၀) တူးယူခြင်းဖြင့် နွေစပါး စိုက်ပျိုးနိုင်ရန်အတွက် လုပ်ကိုင်ဆောင်ရွက် ရပါသည်။ မြေပြင်အနေအထားမှာ မြေပြန့်မြစ်ဝကျွန်းပေါ်ဒေသဖြစ်ပါသည်။ လယ်ယာမြေများသည် စပါးစိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ရန်အတွက် အဓိကအားထားရာဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် ငဝန်မြစ်၏ချောင်းလက်တက်ဖြစ်သော ကွမ်းခြံရိုးချောင်းမှ ရေကိုရရှိခြင်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အကျိုးဖြစ်ထွန်းသည်။ ကျေးရွာတွင် လယ်ယာမြေ ၃၀၈.၉၃ ဧကခန့် ရှိပြီး မိုးစပါးအား စိုက်ပျိုးသော်လည်း ရေကြီးနစ်မြုပ်မှုများ နှစ်စဉ်ဖြစ်ပေါ်နေသောကြောင့် နွေစပါးနှင့် ပဲ အနည်းငယ်စိုက်ပျိုးပါသည်။ မြေဆီအသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝတွင်းထွက် သယံဇာတများ မထွက်ရှိပါ။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၅၄) စုနှင့် ကျား (၃၅၅)၊ မ(၃၁၉) ဦးဖြင့် လူဦးရေပေါင်း(၆၇၄) ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း (၅) ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ကရင်၊ ဗမာ လူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၇၂ % ရှိပြီး အမျိုးသားမှာ အမျိုးသမီး အရေအတွက်ထက် ပိုများပါသည်။ သို့သော် အမျိုးသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်း

အမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာ၏ဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုစေနိုင်ပါသည်။ လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်ရာတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းလာရာတွင် ယခင်က အမျိုးသားများ၏ ကာယလုပ်အားဖြင့် စပါးရိတ်ခြင်း၊ စပါးနယ်ခြင်း၊ စပါးလှေ့ခြင်းအစရှိသော အမျိုးသားများ လုပ်ဆောင်ရန်နေရာ၌ ရိတ်သိမ်းခြွေလှေ့စက်များ အသုံးပြုလာသောအခါ လယ်ယာလုပ်ငန်း၌ အလုပ်လုပ်နေကြသောလုပ်သားများမှာ အလုပ်လက်မဲ့မှုများဖြစ်ပေါ်လာခြင်းကြောင့် မိမိတို့ဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ခြင်းဖြင့် စားဝတ်နေရေးအတွက် အဆင်ပြေနိုင်မည် ဖြစ်ပါသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၅၈% သည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဆင့်အဖြစ်သတ်မှတ်ကြပြီး ၃% ခန့်သည် ချမ်းသာသည့်အဆင့်၊ ၃၉ % သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု လက်လှမ်းမီမှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် မိုးစပါးစိုက်ပျိုးနိုင်ခြင်းရှိသော်လည်း နှစ်စဉ်တိုင်း ရေကြီးရေလျှံ ဖြစ်ပေါ်မှုကြောင့် မိုးစပါးကို ရေကျန်စပါးအဖြစ်သာ ရရှိနိုင်ပြီး နွေစပါးတစ်သီးတည်းကိုသာ စိုက်ပျိုးမှီခိုနေရသောကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်ပါသည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုအရေအတွက် (၈၁) အိမ်ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့် အိမ်ထောင်စု များပါဝင်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ သုံးပုံနှစ်ပုံခန့်ရှိသော်လည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး အခြားဒေသများတွင် သွားရောက်၍ ဆောက်လုပ်ရေး၊ အထည်ချုပ်၊ ပန်းရံအလုပ်များကို သွားရောက်လုပ်ကိုင်ကြပါသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀% ဖြစ်သော အိမ်ထောင်စု (၂၉) စုသည် လေ့လာဆန်းစစ်မှုအရ ယင်းတို့မှာ သူတပါးထံမှမချေးမငှားပဲ ၃ လအတွင်း နပ်မှန်အောင် စားသုံးနိုင်ကြကြောင်းတွေ့ရှိရသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၁၅၀,၀၀၀/- ကျပ်မှ ၅၀၀,၀၀၀/- ကျပ်ထိတင်ရှိနေကြသည်။ ချေးငွေအများစုကို ကျေးရွာစိုက်ပျိုးရေးနှင့် သမဝါယမအသင်း၊ ကျေးရွာရှိ ကရင်အမျိုးသားအသင်းရန်ပုံငွေများမှ ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန်၊ ရင်းနှီးမြှုပ်နှံရန်နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သောအိမ်ထောင်စုများ သီးသန့်မရှိသော်လည်း ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် ရေကြီးခြင်းသည် အများဆုံးတွေ့ရှိရပြီး သဘာဝအရင်းအမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုး

ရေ) နှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုမှာ အလယ်အလတ်အနေအထားတွင် တွေ့ရှိရသည်။ ထိခိုက်မှု ခံရနိုင်သည့် သူများအတွက် အုပ်စုအလိုက် ခွဲခြားသတ်မှတ်ရာတွင် ထိခိုက်သက်ရောက်မှုနိမ့်ကြောင်း တွေ့ ရသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာ ပြည့်ဝမှုရှိကြသည်။ ကလေးငယ်အများစုသည်လည်း ကျန်းမာကြသည်။ မူလတန်းကျောင်းတွင် ကျောင်း သား၊ ကျောင်းသူများကိုလည်း အပတ်စဉ် အာဟာရတိုက်ကျွေးမှုရှိပြီး အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြပါ သည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာမှ ၃ မိုင်ခန့်ဝေး သော ညောင်ပင်သာကျေးလက် ကျန်းမာရေးဆေးပေးခန်းနှင့် ကျေးရွာ မှ ၅ မိုင်ခန့်ကွာဝေးသော မြို့ နယ်ဆေးရုံ၊ ဆေးဆိုင်များလည်း လက်လှမ်းမီသည်။

ကျေးရွာတွင် ရေတွင်း၊ လက်နှိပ်တုံကင် အများစုရှိကြသော်လည်း မြေသားရေကန်မှ ရေကိုသာ အဓိကအားထားသုံးစွဲနေရပါသည်။ သောက်ရေသုံးရေသည် နွေကာလဖြစ်ကြသော ဖေဖော်ဝါရီလမှ ဧပြီ လအတွင်း၌ သောက်သုံးရေပြတ်လပ်မှုမရှိစေရန် ချောင်းမှ ရေတင်စက်ဖြင့် ရေမောင်းထည့်သွင်းပြီး အသုံးပြုရပါသည်။ ၂၀၀၆ ခုနှစ်တွင် ချောင်းရေသန့်ရှင်းမှုမရှိသောကြောင့် ဝမ်းပျက်ဝမ်းလျှော ဖြစ်ပွားမှု အများဆုံးဖြစ်ပွားခဲ့ရခြင်းဖြစ်ပြီး လက်ရှိအနေအထားတွင် အစာအိမ်၊ သွေးတိုး စသည့်ရောဂါ ဖြစ်ပွားမှု များ နည်းပါးကြောင်း တွေ့ရှိရပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အတော်အသင့် မြင့်မားကြောင်းတွေ့ရှိရပါသည်။ ရွာ သားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်မှာ အသင့်အတင့်သာဖြစ်ပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာတွင်းရှိ မူလတန်းကျောင်းနှင့် အလယ်တန်း၊ အထက်တန်းကျောင်းပညာတို့အတွက် ဆပ်ကွင်းကျေးရွာ နှင့် ကန်ကြီးထောင့်မြို့တို့တွင် တက်ရောက်သင်ကြားနိုင်သည်။ သို့သော် သက်မွေးဝမ်းကျောင်း လုပ်ငန်းများဆိုင်ရာကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများ သည်လည်း နည်းပါးဆဲဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစု အတွင်း ကျား/ မတို့၏အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးလိုက်နာ နေ ထိုင်ကြပါသည်။

ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့်ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကျား၊ မ အရေအတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက အနည်းငယ် ပိုမိုရရှိကြသည်။ လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှုမှာ မတူညီသော်ကြောင့် အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။ အခြားလူမှုရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အနည်းငယ်မျှသာရှိပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်လည်း အမျိုးသမီးပါဝင်မှု မရှိကြပါ။ ကျားမ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းဖြင့် လူမှုရေး၊ အုပ်ချုပ်ရေးအဖွဲ့များတွင် တန်းတူပါဝင်လာနိုင်မှု ရှိလာနိုင်မည်ဖြစ်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်းအဖြစ် သီးသန့်မရှိသေးပါ။ ကျေးရွာ၏လူမှုရေး၊ ဘာသာရေး၊ သာရေးနာရေးလုပ်ငန်းများတွင် ကျေးရွာတွင်းနေထိုင်သော အမျိုးသား၊ အမျိုးသမီးများမှ စုပေါင်းလုပ်ကိုင်ဆောင်ရွက်သော အလေ့အထတစ်ခုသာဖြစ်ပါသည်။ ကျေးရွာ၏ လူမှုရေး၊ သာရေးနာရေးများအတွက် ဈေးဝယ်ခြမ်းရေး၊ ချက်ပြုတ်ရေး၊ ကျွေးမွေးရေး စသော လုပ်ငန်းအလိုက် တာဝန်ခွဲဝေဆောင်ရွက်မှုများကောင်းမွန်ပါသည်။ ကျေးရွာတွင် လူမှုကူညီရေးအသင်းများနှင့် ဘာသာရေးအဖွဲ့များသည် စုပေါင်းစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေရာတွင် ထိရောက်မှုရှိစေရန် အသင်းအဖွဲ့အဖြစ် ဆက်လက်ပြုလုပ်သွားရန် အစီအမံများရှိပါသည်။

ကျေးရွာတွင် စီးပွားရေးအခြေခံအသင်းအဖွဲ့များအဖြစ် ကျေးရွာစိုက်ပျိုးရေး၊ မွေးမြူရေး သမဝါယမအသင်း၊ Pact Myanmar ချေးငွေအဖွဲ့၊ ကျေးရွာကရင်လူငယ်များအသင်းတို့တွင် ကျေးရွာသားအများစု ကျေးရွာတွင်းအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်လျှက်ရှိသည်။

ကျေးရွာသည် လျှပ်စစ်မီးရရှိမှုမရှိသေးပါ။ သို့သော် မဟာဓါတ်အားလိုင်းနှင့် ဝေးသောကျေးရွာဖြစ်သောကြောင့် ဆိုလာစနစ် တစ်အိမ်သုံးမီးလင်းရေး စနစ်ကို (၂၀၁၆-၂၀၁၇) ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ (NEP) စီမံကိန်းဖြင့်ဆောင်ရွက်ခဲ့ရာ ကျေးရွာ၏ အိမ်ခြေထက်ဝက်ကျော်ခန့်သာ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် မီးရရှိခဲ့ပါသည်။ ကျေးရွာမီးလင်းရေးကော်မတီ၏ မှန်ကန်ထိရောက်စွာ လုပ်ဆောင်နိုင်မှုကြောင့် ယခုဆိုလျှင် ဘာသာရေးအဆောက်အအုံ၊ လမ်းမီး၊ မူလတန်းကျောင်းများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စေတနာများကြောင့် ဆိုလာစနစ်

ဖြင့်အသုံးပြုနေရသော်လည်း ကျန်ရှိသော အိမ်ထောင်စုများအားလည်း ဆိုလာစနစ် ထပ်မံဖြည့်ဆည်းပေးပါက ကျေးရွာ၏ လူမှုဘဝဖွံ့ဖြိုးလာနိုင်ပါသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကို အဓိကထားစိုက်ပျိုးကြပါသည်။ တချို့အိမ်ထောင်စုများမှာ ငရုတ်ကို အနည်းငယ်မျှစိုက်ပျိုးကြပါသည်။ မိုးစပါးစိုက်ဧက (၃၀၈.၉၃) ဧက ရှိပြီး နွေစပါးကိုလည်း သီးထပ်အဖြစ်စိုက်ပျိုးကြသည်။ မိုးစပါး (၁) ဧက ပျမ်းမျှအထွက်နှုန်းမှာ တင်း(၆၀)၊ ပဲအနည်းငယ် စိုက်ပျိုးရာတွင် (၁) ဧကလျှင် (၁၀) တင်းနှုန်းခန့်ထွက်ရှိပါသည်။ နွေစပါးကိုသာ အဓိကအားထားရသော ကျေးရွာဖြစ်ပါသည်။ မိုးစပါးသည် နှစ်စဉ်စိုက်ပျိုးသော်လည်း ရေကြီးခြင်းမှာ နှစ်စဉ်နှစ်တိုင်းဖြစ်နေသောကြောင့် ရေကျန်စပါးသာရရှိပါသည်။ နွေစပါးအဓိက စိုက်ပျိုးရသောကြောင့် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများ၏ စိုက်ပျိုးရေးအသိအမြင်များကို တိုးပွားစေရန် ပညာပေးခြင်းဖြင့် တောင်သူများ အဆင်ပြေနိုင်ပါသည်။ စိုက်ပျိုးရေးအတွက် ကျေးရွာတွင် လက်တွန်းထွန်စက်များ၊ ရေစုပ်စက်များ ရှိကြသဖြင့် စိုက်ပျိုးရေးတွင် များစွာအဆင်ပြေမှု ရှိပါသည်။

ကျေးရွာတွင် ဝက်မွေးမြူသူ အိမ်ထောင်စုမှာ တစ်ရွာလုံးနီးပါးရှိပြီး ဒေသဝက်မျိုးများကို တစ်အိမ်လျှင် ၁ ကောင်မှ ၂ ကောင်သာ မွေးမြူကြပါသည်။ ဒေသကြက်မျိုးများကိုလည်း တစ်ရွာလုံးနီးပါး မွေးမြူကြပါသည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးသာရှိပြီး စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း မရှိပါ ။ ကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်းများမရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် ဈေးဆိုင်လုပ်ငန်း၊ နေ့စားအလုပ်များ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျက်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့သာ လုပ်ကိုင်လျက်ရှိကြပါသည်။ တစ်ချို့အလုပ်သမားများသည် ကန်ကြီးထောင့် အထည်ချုပ်စက်ရုံတွင် လခစားအလုပ်အနေဖြင့် လုပ်ကိုင်ရာတွင် တစ်လလျှင် ၈၀၀၀၀ ကျပ်မှ ၁၂၀၀၀၀ ကျပ်အထိ ရရှိကြပါသည်။

ကျေးရွာတွင် စပါးကိုသာ အဓိကစိုက်ပျိုးကြပြီး ကျေးရွာများမှ အလုပ်သမားများအတွက် အလုပ်အကိုင်အသင့်အတင့်ရရှိကြသည်။ စပါးရိတ်သိမ်းချိန်များတွင် ဧကအလိုက် သတ်မှတ်ကြပြီး မိုးစပါးတစ်ဧက ရိတ်သိမ်းခ ၂၀၀၀၀ ကျပ်၊ နွေစပါးရိတ်သိမ်းခမှာ တစ်ဧကလျှင် ၂၆၀၀၀ ထိ သာရရှိကာ အလုပ်သမား (၆) ဦးသည် တစ်ဧကကို (၁) ရက်အပြီး လုပ်ဆောင်နိုင်သောကြောင့် တစ်နေ့ပျမ်းမျှ လုပ်အားခ ၃၀၀၀ မှ ၄၀၀၀ ကျပ်အတွင်းရရှိနိုင်ကြသည်။ ယခုအခါ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလုပ်ကိုင်ကြရာတွင် လယ်ယာလုပ်ငန်းများတွင် ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းအသုံးပြုလာသောကြောင့် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းမှာ အလုပ်သမား အင်အားအသုံးပြုရန် အနည်းငယ်သာလိုအပ်သဖြင့် ကျေးရွာတွင် လယ်ယာကို အဓိကမှီခိုလုပ်ကိုင်သော အလုပ်သမားများမှာ အလုပ်ရှားပါးမှု ဖြစ်ပေါ်လာပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်း တစ်ရပ်ဖြစ်သည်။ စိုက်ပျိုးရေးကို အားထားလုပ်ကိုင်သော အလုပ်သမားများမှာ အခြားမြို့တွင် ပန်းရံ၊ လက်သမား၊ မွေးမြူရေးခြံ၊ အထည်ချုပ်စက်ရုံ၊ သကြားလုံးစက်ရုံအစရှိသော အလုပ်များကို သွားရောက်လုပ်ကိုင်နေရပါသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ပါက လူမှုဘဝဖွံ့ဖြိုးလာနိုင်မည်ဖြစ်သည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာမှုကြောင့် အထွက်နှုန်းများလည်း ကျဆင်းလာပါသည်။ မြေဆီလွှာများ ပြန်လည်ထိန်းသိမ်းခြင်းလုပ်ငန်းအား  သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနမှလာရောက်၍ တောင်သူပညာပေးဟောပြောပွဲများကို လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

ဤကျေးရွာမှာ မြေပြန့်ဒေသအပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းများနှစ်စဉ်ဖြစ်ပေါ်ပါသည်။ မြစ်ဝကျွန်းပေါ်ဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်ကို မကြာခဏ ခံစားရပေသည်။ မိုးကောင်းသော မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မုန်တိုင်းသည် သဘာဝဘေးအန္တရာယ်အဖြစ်ရှိနေပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၇ဝ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက်သာ ချေးယူနိုင်ကြသည်။ ကျေးရွာတွင် Pact Myanmar အဖွဲ့တွင် အဖွဲ့ဝင် (၅)ဦး တစ်ဝိုင်းပါဝင်ကာ ဝိုင်းကြီးချုပ်စနစ်ဖြင့် အတိုးနှုန်း ၂.၅ဝ ကျပ်နှုန်းဖြင့်ချေးယူကြသည်။ ၎င်းအပြင် တစ်နိုင်တစ်ပိုင်အနေဖြင့် ကျေးရွာကရင်လူငယ်အသင်း၏ မတည်ရန်ပုံငွေဖြင့် အသင်းဝင်ပေါင်း (၈ဝ) ဦးအား အလှည့်ကျမဲစနစ်ဖြင့် အတိုးနှုန်း (၃) ရာခိုင်နှုန်းဖြင့် (၃) လလျှင် တစ်ခါဆပ်ဖြင့် ချေးယူနေသည်မှာ တစ်နှစ်ကျော်ပြီးဖြစ်သည်။ ကျေးရွာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးသမဝါယမအသင်းကို အသင်းသားပေါင်း (၁၂၆) ဦးပါဝင်ပြီး မြို့နယ်သမဝါယမအသင်းစုချုပ်မှ ချေးငွေပမာဏ (၂၂၁) သိန်းဖြင့်  ယခုနှစ်တွင် လည်ပတ်လျက်ရှိပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးငွေပမာဏသည် ကျပ်တစ်သိန်းမှ ခြောက်သိန်းထိရှိကြကြောင်း တွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းကို အလျား ၆၀ ပေ၊ အနံ ၃၀ ပေ၊ အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်တွင် သင်ကြားရပါ သည်။ ကျေးရွာရှိ စာသင်ကျောင်းကို ၂၀၁၀ ခုနှစ်တွင် နိုင်ငံတော်မှ ထောက်ပံ့ပေးခဲ့ပါသည်။ ကျောင်းဆောင်၏ အနေအထားနှင့် ကျောင်းသားများ၏ အရေအတွက်အရ သင်ကြားရေးတွင် နေရာကြပ်တည်းမှုရှိပါသည်။ လက်ရှိကျောင်း၏အနေအထားမှာ မူလတန်းအထိသာ ပညာသင်ကြားနိုင်ပြီး မူလွန်အဆင့်သို့ တိုးချဲ့သင်ကြားနိုင်ပါက ပညာရေးတွင် ပိုမိုအဆင်ပြေနိုင်ပါ၍ မူလွန်တိုးချဲ့ဆောင်တစ်ဆောင်ဆောက်လုပ်ရန် ဆန္ဒကိုယ်စီရှိကြသည်။ ရွာသားအားလုံး၏ ၉၇% မှာ အားလုံးစာတတ်မြောက်ကြသည်။ ရွာသားအားလုံး၏ ၃% သာလျှင် ဘုန်းကြီးကျောင်းနှင့် (အသုံးလုံး) ပညာရေးကိုသာရရှိထားပါသည်။ မူလတန်း၏ အောင်ချက်ရာခိုင်နှုန်းသည် မြင့်မားလျက်ရှိပါသည်။ ယခုနှစ်ကျောင်းအပ်နှံသည့် နှုန်းထားသည် မူလတန်းများ များပြားလာပါသည်။ ကျောင်းတွင် ပရိဘောဂတို့လုံလောက်ပြီး မူလတန်းပြ ဆရာ/ ဆရာ မ (၆) ဦးရှိပါသည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ကျေးရွာမှ ၁ မိုင်ခန့်ဝေးသည့် အောင်ကုန်းစုကျေးရွာ၏ ညောင်ပင်သာကျေးလက်ကျန်းမာရေးဌာနခွဲနှင့် (၅) မိုင်ခန့်ဝေးသော ကန်ကြီးထောင့်မြို့နယ်ပြည်သူ့ဆေးရုံသို့ ကားလမ်း၊ ဆိုင်ကယ်လမ်း၊ ဆိုင်ကယ်ဒိန်းဒေါင်းတို့ဖြင့် သွားရောက်ကုသရပါသည်။ ဆေးဆိုင်များမှာ ဘဲဂရက်တိုက်နယ်၊ ဘဲဂရက်ကျေးရွာနှင့် ကန်ကြီးထောင့်မြို့ရှိ ဆေးဆိုင်များတွင် အလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသဖြင့် ကျေးရွာအတွက် အရေးကြုံပါက ကျေးလက်ဆေးပေးခန်းတစ်ခုရှိမည်ဆိုလျှင် ရွာသူ/ ရွာသားများ၏ ကျန်းမာရေးအတွက် များစွာအထောက်အကူပြုနိုင်ပါမည်။

သောက်ရေအတွက် တုံတင်၊ ရေတွင်းများမှ လုံလောက်စွာမရရှိသဖြင့် ကိုယ်ထူကိုယ်ထ မြေသားကန်များတူးဖော်ပြီး မိုးရေကန်အဖြစ်ထားရှိအသုံးပြုရပါသည်။ မိုးရေပြတ်လပ်ပါက ချောင်းများမှ တစ်ဆင့် ရေစုပ်စက်ဖြင့် ခက်ခဲစွာမောင်းတင် အသုံးပြုရပါသည်။ ရွာသားများသည် သောက်ရေတွင်း(၁) တွင်းရရှိရန် လိုလားကြပါသည်။ တစ်ရွာလုံးတွင် ယင်လုံအိမ်သာမှာ နည်းပါးပြီး ကျင်းအိမ်သာများ အများဆုံးအသုံးပြုနေကြပါသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသားကျောင်းသူ၊ ဆရာ/ ဆရာမ များအတွက် အသုံးပြုရန် လွယ်ကူပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အားကစားလှုပ်ရှားနိုင်ရန် ကျေးရွာတွင် အားကစားကွင်းတစ်ကွင်း သည်ရာသီတိုင်း ဘောလုံးကစားနိုင်ပါသည်။ လူငယ်များသည် ကျေးရွာ၏ ဘာသာရေး၊ သာရေး/ နာရေး၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုမှာ အားရကျေနပ်ဖွယ်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းဖောက်လုပ်ခြင်း၊ တံတားဆောက်လုပ်ခြင်း၊ ချက်ပြုတ်ကျွေးမွေးရေးများတွင်လည်း ပူးပေါင်းပါဝင်မှုများ ရှိကြပါသည်။

### (ဇ) အခြေခံ အဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ၂၀၁၅ ခုနှစ်က ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကျေးရွာတွင်းရှိ ရွာတွင်းလမ်းများအား (၂) ပေအကျယ်အဖြစ် ပေပေါင်း (၃၀၀) ကျော်ကို ကွန်ကရစ်လမ်းခင်းခဲ့ကြပါသည်။ လက်ရှိ ၂၀၁၈ ခုနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေအစီအစဉ် ကျပ်သိန်း (၁၀၀) နှင့် ပြည်သူထည့်ဝင်ငွေများပူးပေါင်း၍ ကျေးရွာတွင်းလမ်းများအား (၂) ပေအကျယ်မှ တစ်ဖက်လျှင် ၃ ပေစီ တိုးချဲ့နိုင်ခဲ့သဖြင့် သွားလာမှုကောင်းမွန်လာခဲ့သည်။ ရေလမ်းခရီးကို လှေ၊ ပဲ့ထောင်တို့ဖြင့် သွားလာလျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၄၉)စီး၊ စက်ဘီး (၁၀၉) စီး ၊ ထော်လာဂျီ (၃) စီး၊ လှေသမ္ဗာန် (၂၈) စီးတို့ကို ခရီးသွားလာရေးအတွက် အသုံးပြုလျက်ရှိပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးမရရှိသေးသောကြောင့် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံဆောင်ရွက်ပေးမှုကြောင့် အိမ်ခြေ (၁၅၄) အိမ် ရှိရာ အိမ်ခြေ (၈၄) အိမ် ဆိုလာမီးဖြင့် အသုံးပြုလျက်ရှိပါသည်။ ကျန်ရှိနေသေးသော အိမ်ထောင်စုများမှာ ထည့်ဝင်ငွေ ပေးသွင်းနိုင်ခြင်းမရှိသောကြောင့် ဆိုလာစနစ်အတွက်မရရှိခဲ့ပါ။ ကျန်အိမ်ထောင်စုများအတွက်လည်း ဆိုလာစနစ်ဖြင့် ထပ်မံ မီးရရှိရန် လိုလားလျက်ရှိပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အရောင်းအဝယ်၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ကဏ္ဍပေါင်းစုံအတွက် တွင်ကျယ်စွာအသုံးပြုနိုင်ကြပါသည်။ အိမ်တိုင်းနီးပါး လက်ကိုင်ဖုန်း အသုံးပြုနိုင်ကြပြီဖြစ်ပါသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်သူ ရာခိုင်နှုန်း (၃၀) ခန့်ရှိပြီဖြစ်ပါသည်။ အင်တာနက်တွင် စီးပွားရေး၊ မိုးလေဝသနှင့် စိုက်ပျိုးရေးတို့အတွက် ဗဟုသုတရဖွယ်များ ချိတ်ဆက်အသုံးပြုနေကြပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် နှစ်စဉ်နှစ်တိုင်း ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်လျက်ရှိသောကြောင့် အင်တာနက်တွင် မိုးလေဝသအခြေအနေများအား အထူးကြည့်ရှုလျက်ရှိပါသည်။

### (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာသည် ကန်ကြီးထောင့်မြို့နယ်ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှု နည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

တံခွန်တိုင်ကျေးရွာသည် ပထဝီအနေအထားအရ မြေပြန့်မြစ်ဝကျွန်းပေါ်ဒေသတွင် တည်ရှိပြီး အိမ်မဲမြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်ကို ဆက်သွယ်ထားသော ဘဲဂရက်-ဒီးဒုတ်- အိမ်မဲ မြေသား

လမ်းမကြီး၏ (၇) ဖာလုံသာ ကွာဝေးသောကျေးရွာဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးမှာ နွေအခါတွင် တွင်ကျယ်စွာအသုံးပြုလျက်ရှိပြီး မိုးကာလတွင် သွားလာရေးခက်ခဲပါသည်။ ကျေးရွာမှ ဆက်သွယ်ရေးလမ်းသည် ကောက်ကွေ့ခြင်း၊ ကျဉ်းမြောင်းခြင်းတို့ကြောင့် အိမ်မဲ-ကန်ကြီးထောင့် ဆက်သွယ်ထားသော ဘဲဂရက်-ဒီးဒုတ်-အိမ်မဲ လမ်းမကြီးထိစပ်လျက်ရှိသော ရေလယ်ကွင်းကျေးရွာနှင့် တံခွန်တိုင်ကျေးရွာ ဆက်သွယ်ရေးလမ်း (၇) ဖာလုံခန့် တစ်ဖြောင့်တန်းအတိုင်းရရှိနိုင်ရန် ကျေးရွာသူ/ သားများ လိုလားလျက်ရှိပါသည်။ လက်ရှိအသုံးပြုလျက်ရှိသော လမ်းမှာ ၂ ပေအကျယ်သာရှိပြီး အကွေ့အကောက်များသောကြောင့် ဆိုင်ကယ်၊ စက်ဘီးနှင့် လူများသာ သွားလာနိုင်ပါသည်။ ရေလယ်ကွင်း-တံခွန်တိုင် ဆက်သွယ်ရေး မြေသားလမ်း (၇) ဖာလုံခန့်သာရရှိပါက ကုန်စည်ဝန်ဆောင်မှု၊ ကျန်းမာရေး၊ လူမှုရေးအခွင့်အလမ်းများ ကောင်းမွန်လာမည်ဖြစ်သောကြောင့် ဆက်သွယ်ရေးလမ်းရရှိရန် အထူးလိုလားကြပါသည်။ အရေးပေါ် ကျန်းမာရေးအခြေအနေပေါ်ပေါက်လာပါက ရွာမှဆေးရုံသို့ သွားရသည့်လမ်းများ ကောင်းမွန်ခြင်းမရှိသောကြောင့် အချိန်မီမရောက်ရှိနိုင်ခဲ့ပါက ကျန်းမာရေးနှင့်ပတ်သက်သော နောက်ဆက်တွဲဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။ ယခင်က ဆေးရုံသို့ ကျန်းမာရေးမကောင်းမွန်သောအခါ ပုခက်နှင့်ထမ်းပြီးသွားရသောအခါ လူနာသည် ဆေးရုံသို့မရောက်ခင် အသက်ဆုံးရှုံးရမှုများ ဖြစ်ပေါ်ခဲ့ရပါသည်။ ယခုအခါ အိမ်မဲမြို့နှင့် ကန်ကြီးထောင့်မြို့ကို ဆက်သွယ်ထားသော မြေသားလမ်းမကြီးဖြစ်ပေါ်လာပြီးနောက် ကျန်းမာရေးအရေးပေါ်အခြေအနေများ ယခင်ထက် အသင့်အတင့် ပြေလည်လာခဲ့ပါသည်။ တံခွန်တိုင်ကျေးရွာနှင့် ရေလယ်ကွင်းကျေးရွာ ဆက်သွယ်ရေးလမ်းဖြစ်ပေါ်လာပါက ကျန်းမာရေး၊ လူမှုရေးနှင့် ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်ပြီး အရာအားလုံးအဆင်ပြေနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ကျေးရွာအတွင်းတွင် ပြင်ပနှင့်ကျေးရွာတွင်းမှ ဖွဲ့စည်းထားသော လူထုအခြေပြုအဖွဲ့အစည်းများနှင့် ဆက်သွယ်မှုအားနည်းပါသည်။ ပြင်ပပုဂ္ဂလိကအဖွဲ့များအနေဖြင့် ကျေးရွာတွင် အနည်းငယ်သာ ရှိပါသည်။ အစိုးရအဖွဲ့အနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်သာ အချိတ်အဆက်ရှိသဖြင့် လယ်ယာလုပ်ငန်းအတွက်သာ အကျိုးပြုလျက်ရှိပါသည်။ စိုက်ပျိုးရေးနှင့်ပတ်သက်သော နည်းပညာပေးနှင့် စိုက်ပျိုးရေးအတွက် တောင်သူများခေတ်မှီစိုက်ပျိုးရေးနည်းစနစ်များအား ဆောင်ရွက်ရန်လည်း အထူးလိုလားကြပါသည်။

သဘာဝအရင်းအမြစ်များတွင် လယ်ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အသင့်အတင့်ကောင်းမွန်သည်။ တောင်သူများ၏ လယ်ယာထွက်ကုန်များအား နွေအခါတွင် ကျေးရွာ၏လှည်းလမ်းကိုသာအသုံးပြုရပြီး မိုးတွင်းအခါတွင် ရေလမ်းကိုသာ အသုံးပြုနိုင်သည်။ စပါးကိုသာအဓိကသီးနှံအဖြစ်စိုက်ပျိုးခြင်းဖြစ်သည်။ မိုးစပါးစိုက်ပျိုးနိုင်သော်လည်း နှစ်စဉ်ရေကြီးရေလျှံခြင်းကြောင့် စပါးခင်းများပျက်စီးဆုံးရှုံးခြင်းကို နှစ်စဉ်ကြုံတွေ့နေရသဖြင့် နွေစပါးကိုသာ အဓိကသီးနှံအဖြစ်အားထားပြီး ငဝန်မြစ်၏ ချောင်းလက်တက်ဖြစ်သော ကွမ်းခြံရိုးချောင်းမှ ရေကို အမှီပြုပြီး နွေစပါးကို စိုက်ပျိုးရသည်။

တံခွန်တိုင်ကျေးရွာနှင့် အနီးဆုံးဈေးမရှိပါ။ ဘဲဂရက်တိုက်နယ်ဈေးနှင့် ကန်ကြီးထောင့်မြို့မဈေးတို့တွင်သာ ဝယ်ယူနိုင်ပါသည်။ ကျေးရွာနှင့် ဈေးအကွာအဝေးမှာ (၃) မိုင်မှ (၅) မိုင်ခန့် အကွာရှိပါသည်။

ပုသိမ်မြို့မဈေးသို့လည်း သွားရောက်ဝယ်ယူနိုင်ပါသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိသဖြင့် ကျေးရွာတွင် ထင်းကိုသာ ချက်ပြုတ်ရေးအတွက် နှစ်စဉ်အသုံးပြုနေရပါသည်။ ဆိုလာစနစ်ကြောင့် အိမ်တွင်းမီးနှင့် ကျောင်းသားများ စာကျက်ရာတွင် အတန်အသင့်အထောက်အကူပြုပါသည်။ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိသောကြောင့် ချက်ပြုတ်ရေးအတွက် ကျေးရွာတွင် ထင်းလောင်စာဖြင့်သာ အသုံးပြုနေရသည်။ ထင်းသုံးစွဲမှုကြောင့် သစ်ပင်ရှားပါးမှုနှင့် လေထုညစ်ညမ်းခြင်းဖြစ်ပေါ်စေခြင်းကြောင့် ထင်းအစားထိုးလောင်စာမီးဖိုများ အသုံးပြုပါက သစ်တောပြုန်းတီးခြင်း လေထုညစ်ညမ်းခြင်းမှ ကင်းဝေးနိုင်မည်ဖြစ်သည်။ ကျေးရွာသူ/ သားများမှ ထင်းအစားထိုးလောင်စာမီးဖိုများ ရရှိရန် လိုလားနေကြပါသည်။

လူဦးရေအားလုံး၏ ၇၀% မှာ အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် အသင့်အတင့်ဖြစ်ပြီး လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖန်တီးပေးခြင်းနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအတွက် လေ့ကျင့်သင်ကြားပေးသော အစီအမံများ ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ကောင်းမွန်စေပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအခြေအနေကောင်းမွန်ပြီး ဆေးနှင့်ဆေးဝါးပစ္စည်းများအား ရွာနှင့် (၃) မိုင်အကွာအဝေးမှ ဝယ်ယူရရှိနိုင်သည်။ ကျေးရွာသားများအနေဖြင့် နွေရာသီတွင်သာ ဆေးခန်း၊ ဆေးရုံသို့ အလွယ်တကူသွားလာနိုင်ပါသည်။

## (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှု အများအပြား မတွေ့ရှိပေ။ ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး အဖွဲ့များကြားတွင် ပူးပေါင်းပါဝင် ဆောင်ရွက်မှုရှိပါသည်။ ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှုရှိ ကြောင်း တွေ့ရှိရသည်။

စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့်ပတ်သက်ပြီး မြေလွတ်မြေရိုင်းများမရှိသော်လည်း စားကျက်မြေများတွင်သာလုပ်ကိုင်ကြသည်။ ၎င်းစားကျက်မြေများသည် လွန်ခဲ့သော နှစ်ပေါင်း (၅၀) ကျော်ကာလကတည်းက လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်လျက်ရှိသည်။ ကျေးရွာတွင် စားကျက်မြေလုပ်ကိုင်လျက်ရှိသော တောင်သူများသည် ကုန်သွယ်လယ်ယာခေတ်က တာဝန်ကျစပါးများကို နိုင်ငံတော်အား လိုအပ်ချက်အရ တစ်ဧကလျှင်စပါး (၁၀) တင်း၊ (၁၅) တင်းနှုန်းဖြင့် ရောင်းချပေးခဲ့ပါသည်။ ယခု စားကျက်မြေတွင် လယ်ယာလုပ်ကိုင်သော တောင်သူများသည် ပုံစံ(၇) ထုတ်ပေးခြင်းမရှိသဖြင့် လယ်ယာလုပ်ပိုင်ခွင့် ပုံစံ (၇) ရရှိရန် လိုလားနေကြပါသည်။ လက်ရှိစားကျက်မြေဖြစ်သောကြောင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေများ မရရှိခဲ့ပါ။ လယ်ယာလုပ်ငန်း စိုက်ပျိုးစရိတ်ချေးငွေအား ပုဂ္ဂလိကကုန်သည်များထံ၌ ချေးယူပြီး စပါးစိုက်ပျိုးကြရသည်။ ကျေးရွာ၏ စားကျက်လယ်မြေများအား ပုံစံ(၇) ရရှိနိုင်ရန် တောင်သူများ အဓိကလိုလားနေကြသည်။

ကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး စာသင်ကျောင်းမှာ အရည်အသွေးအပိုင်းတွင် ကောင်း

မွန်မှုရှိသော်လည်း လက်ရှိကျောင်းသားဦးရေနှင့် သင်ကြားမှုမှာ နေရာကျဉ်းမြောင်းပါသည်။ အလယ်တန်း၊ အထက်တန်းပညာရေးများကို (၃) မိုင်ခန့်ဝေးသော ဆပ်ကွင်းကျေးရွာနှင့် (၁) မိုင်ခန့်ဝေးသော အောင်ကုန်းစုကျေးရွာသို့ သွားရောက်သင်ယူကြရသည်။ ကျောင်းသားများ သင်ကြားရေးအတွက် အဆင်ပြေစေရန် မူလွန်တိုးချဲ့ဆောင် ရရှိနိုင်ရန်လည်းအထူးလိုလားကြပါသည်။ ကျေးရွာသားများ အနေဖြင့် နွေရာသီတွင်သာ ဆေးခန်း၊ ဆေးရုံသို့ အလွယ်တကူသွားလာနိုင်ပြီး မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေးအနေအထားမှာ ကျဉ်းမြောင်းပါသည်။ ဆေးရုံသို့ အရေးပေါ်ကျန်းမာရေးအခြေအနေဖြစ်ပေါ်လာပါက သွားလာရန် ထော်လာဂျီ၊ ဆိုင်ကယ်၊ ဆိုယ်ကယ်ဒိန်းဒေါင်းတို့ဖြင့်သာ သွားလာနိုင်ပါသည်။ အဓိကလမ်းအခက်အခဲမှာ အိမ်မဲ- ကန်ကြီးထောင့် ဆက်သွယ်ရေးလမ်းမကြီးနှင့် (၇) ဖာလုံခန့် သွားရသောလမ်းမှာ အလွန်ကျဉ်းမြောင်းကောက်ကွေ့သောကြောင့် အခက်အခဲရှိပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာအောင်ဖန်တီးခြင်း၊ ကျေးရွာတွင်သောက်သုံးရေရရှိအောင် ဖန်တီးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခြင်းဖြင့် စီးပွားရေးကို တိုးတက်စေရမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုနှင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်လာအောင်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ/ သားများ ပညာရည်မြင့်မားပြီး လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေကာ လူနေမှုဘဝတိုးတက်ကောင်းမွန်လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုများကို တိုးတက်လာစေရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

ခ.၁) ကျေးရွာတွင် အရင်းအနှီးချေးငွေ၊ လယ်ယာသုံးစက်ကိရိယာ အသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကိုဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်

ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများ အတိုးနှုန်းသက်သာစွာဖြင့် ပိုမိုရရှိစေရန် အတွက် မြို့နယ်ရှိ ဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို ရွေးချယ်စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။

ခ.၃) ကျေးရွာတွင် မူလတန်းပညာရေးမှ မူလွန်ပညာရေးသို့ သင်ကြားနိုင်အောင် တိုးချဲ့ဆောင်နှင့် ပရိဘောဂအသုံးအဆောင်ပစ္စည်းများ အလုံအလောက်ရရှိအောင် ဆောင်ရွက်သွားမည်။ မူလွန်မှ အလယ်တန်း၊ အထက်တန်းအဆင့်ကျောင်းများအထိရရှိအောင် တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

ခ.၄) ကျေးရွာတွင် ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများနှင့် ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စံချိန်မီစာသင်ကျောင်းဆောင်ဆောက်လုပ်ခြင်း**

ကျေးရွာစာသင်ကျောင်းမှာ ကျောင်းသားအရေအတွက်နှင့် သင်ကြားရာတွင် ကျဉ်မြောင်းသောကြောင့် စံချိန်မီမူလွန်တိုးချဲ့ဆောင်တစ်ဆောင်နှင့် ပရိဘောဂများအား သက်ဆိုင်ရာအစိုးရဌာနများဖြစ်သော ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ယူဆောင်ရွက်ပေးစေလိုပါသည်။

**(ဂ) ကျေးရွာတွင်းလမ်း၊ ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်းနှင့် လျှပ်စစ်မီးရရှိနိုင်ရန်ဆောင်ရွက်ခြင်း**

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများမှာ အနည်းငယ်ကောင်းမွန်မှုရှိသော်လည်း ကျဉ်းမြောင်းကောက်ကွေ့ခြင်း ဖြစ်နေပါသည်။ ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇ ခုနှစ်တွင် တစ်အိမ်သုံးဆိုလာစနစ်ဖြင့် လျှပ်စစ်မီးအစားဆိုလာဖြင့် အိမ်ခြေထက်ဝက်ကျော်ခန့် မီးလင်းမှုရှိလာပါသည်။ လမ်းများပြုပြင်ရန် ငွေကြေးအခက်အခဲရှိပါသည်။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးမှုများနှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာလမ်းများနှင့် ကျေးရွာချင်းဆက်လမ်းများ ပိုမိုကောင်းမွန်လာခြင်းဖြင့်လည်း တစ်ရွာနှင့်တစ်ရွာ ကုန်စည်ကူးသန်းရောင်းဝယ်မှု ပိုမိုမြန်လာနိုင်ပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအား လွန်စွာအထောက်အကူပြုနိုင်ပေမည်။

**(ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး**

တံခွန်တိုင်ကျေးရွာသည် စိုက်ပျိုးရေးအနေဖြင့် စပါးစိုက်ပျိုးခြင်းကိုသာ အဓိကလုပ်ကိုင်သောကျေးရွာတစ်ရွာဖြစ်ပြီး မိုးရာသီစပါးကို စိုက်ပျိုးကြသည်။ သို့သော် နှစ်စဉ်ရေကြီးသော ဒေသဖြစ်သောကြောင့် မိုးစပါးသည် ရေကြီးခြင်းကြောင့် ကောင်းစွာမဖြစ်ထွန်းခဲ့ပေ။ နွေစပါးကိုသာ အဓိကအားထားစိုက်ပျိုးနေရသည်။ လက်ရှိတွင် ငဝန်မြစ်၏ မြစ်လက်တက်ဖြစ်သော ကွမ်းခြံရိုးချောင်းမှ မြောက်မှတောင်သို့ ကိုယ်ထူကိုယ်ထဖောက်လုပ်ထားသော တူးမြောင်းပေ (၃၀၀၀) မှ ရေကိုသာလျှင် ခက်ခဲစွာနွေစပါးအတွက် အသုံးပြုနေရပါသည်။ ကွမ်းခြံရိုးချောင်းမှ အိမ်မဲ-ဒီးဒုတ်-ဘဲဂရက် ဆက်သွယ်ရေးလမ်းမကြီးဘေးသို့ ပေ (၂၀၀၀) ခန့်ကျန်ရှိသော အပိုင်းကို ဆက်လက်ဖောက်လုပ်ပေးနိုင်ပါက နွေစပါးဧက ပိုမိုစိုက်ပျိုးနိုင်မည်ဖြစ်သည်။ ၎င်းတူးမြောင်းသည် ပေ (၅၀၀၀) ခန့်အကွာအဝေးရှိရာ လက်ရှိတူးမြောင်းမှာ ပေ (၃၀၀၀) ခန့်သာရှည်သဖြင့် နွေစပါးစိုက်ပျိုးရာတွင် တူးမြောင်းမှာတစ်ဖြည်းဖြည်းကောလာခြင်းကြောင့် နွေစပါးအတွက် ရေအခက်အခဲ ဖြစ်ပေါ်လျက်ရှိပါသည်။ ကွမ်းခြံရိုးချောင်းမှနေ၍ မြောက်မှတောင်သို့ အဖြောင့်တိုင်းဖြစ်သော အိမ်မဲ-ဒီးဒုတ်-ဘဲဂရက်လမ်းမကြီးဘေးရှိ မြောင်းနှင့်ဆက်သွယ်မိပါက နွေစပါးအတွက် ရေကိုလုံလောက်စွာ အသုံးပြုနိုင်ပြီး ကုန်စည်ကူးသန်းရေးတွင် ပိုမိုအဆင်ပြေစေမည်ဖြစ်သောကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးစေလိုပါသည်။

## (င) သန့်ရှင်းသော သောက်သုံးရေရရှိရန်ဖန်တီးပေးရေး

တံခွန်တိုင်ကျေးရွာသည် သန့်ရှင်းသောသော ရေတွင်းဟူ၍ မရှိပါ။ ကျေးရွာ၌ ရေတုံကင်များ၊ ရေတွင်းများရှိကြသော်လည်း သောက်ရေအတွက် သုံးစွဲနိုင်ခြင်းမရှိပါ။ ကိုယ်ထူကိုယ်ထစနစ်ဖြင့် မြေသားရေကန်များကိုတူးဖော်ပြီး မိုးရေလှောင်ကန်အဖြစ်သာအသုံးပြုနေရသည်။ ထိုရေကန်များသည် ဇန်နဝါရီလမှ ဧပြီလတွင် ကန်ရေများမှ ရေများခန်းခြောက်ပါသည်။ ကွမ်းခြံရိုးချောင်းမှ ရေစုပ်စက်များဖြင့် ရေမောင်းသွင်းပြီး သောက်ရေကိုခက်ခဲစွာ အသုံးပြုနေရသဖြင့် သောက်ရေတွင်းတစ်တွင်းရရှိရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ ရေအရင်းအမြစ်ဦးစီးဌာနမှ ယခုနှစ်အတွင်းပင် သောက်ရေတွင်းနက်တစ်တွင်း တူးဖော်ပေးလျှက်ရှိပါသည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့် သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သော စီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မှုဘောင်သည် သဘာဝဘေး အန္တရာယ်ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်း လုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာစီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

## (ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာ အရခွဲခြားခြင်း (Functional classification) နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာရင်းနှီးမြှပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုးရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)* – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ တံခွန်တိုင်ကျေးရွာ၊ ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အအုံ* | | | | | |
| | ၁။ ရွာတွင်းလမ်း | ၁၀၀ | ၁ | – ရွာအဝင်လမ်းကွန်ကရစ်ခင်းခြင်း (ပေ၁၅၅၀) | ကျေးလက် ဦးစီး |
| | ၂။ ကျေးရွာချင်းဆက်လမ်း | ၉၁ | ၅ | - ကျေးရွာချင်းဆက်ဖောက်လုပ်ခြင်း (၇) ဖာလုံ | ကျေးလက် ဦးစီး |
| | ၃။ လျှပ်စစ်မီး | ၈၈ | ၆ | _ လျှပ်စစ်မီးအစား ဆိုလာစနစ်ဖြင့် မီးလင်းရေးပြုလုပ်ခြင်း အိမ်ခြေ (၇၀) | ကျေးလက် ဦးစီး |
| | ၄။ သောက်သုံးရေ | ၉၈ | ၂ | – အဝီစိသောက်ရေတွင်းအနက်ပေ (၆၀၀) ၄ လက်မ စက်ရေတွင်း တူးဖော်ခြင်း | ကျေးလက်ဦး စီး |
| *ကျန်းမာရေး* | | | | | |
| | ၅။ ယင်လုံအိမ်သာ | ၉၄ | ၄ | – ဝမ်းပျက်ဝမ်းလျှောရောဂါမှကာကွယ်နိုင်ရန် ယင်လုံ အိမ်သာများဆောက်လုပ်ခြင်း | ကျန်းမာရေး ဦးစီးဌာန |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ပညာရေး* | | | | | |
| | ၆။ မူလွန်ကျောင်း | ၉၅ | ၃ | – မူလွန်တိုးချဲ့ကျောင်းဆောင်ပေ (၆၀×၃၀) ဆောက်လုပ်ခြင်း | အခြေခံပညာဦးစီးဌာန |
| *စိုက်ပျိုးရေး* | | | | | |
| | ၇။ ရေမြောင်း | ၈၆ | ၇ | – ရေမြောင်းအားပြန်လည်တူးဖော်ခြင်း ရေစီးရေလာကောင်းမွန်ရန် ဆောင်ရွက်ခြင်း | ဆည်မြောင်းဦးစီးဌာန |

